# NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER November 2018


NEWS

## 5th MGMA Annual Factory Award Dinner




မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA ၏ 5th MGMA Annual Factory Award Dinner ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့၊ Inya Lake Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခန်းအနားသို့ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ MGMA ဥက္ကဌ၊ ဒုဥက္ကဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များနှင့် အခြား သက်ဆိုင်ရာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသိမ်းကြီး နှင့် MGMA ဥက္ကဌ ဦးမြင့်စိုး တို့က အသီးသီး အဖွင့်အမှာစကားများ ပြောခဲ့ကြသည်။ MGMA ၏ The Garment Factory of the Year 2018 ဆုကို ဆွတ်ခူးရရှိသော Mingalar Sumbari Garment Co., Ltd. ၊ The Best Practices Factory of the Year 2018 ဆုကို ဆွတ်ခူးရရှိသော Natural Garment Mfg Co., Ltd. နှင့် The Best Practices in OSH Factory of the Year 2018 ဆုကို ဆွတ်ခူးရရှိသော Myanmar Huayi Co., Ltd. တို့အား ဆုများ အသီးသီးပေးအပ်ခဲ့သည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝန်းအတွင်း ဒက်ခ်ျဏကျောင်းဆောင် ပထမထပ်တွင် ၂၀၁၈-၀၉-၁၇ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သော ၂ လကြာ အထည်ချုပ်နည်းပညာ ဆရာဖြစ် သင်တန်းမှ ထူးချွန်သင်တန်းသားများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာနမှ မဇင်နွယ်မိုး အား Best Instructor ဆုကို လည်းကောင်း၊ Best Industrial Co., Ltd. မှ မဝင်းစန္ဒာ အား Second Best Instructor ဆုကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ မစုမြတ်ထွန်း အား Best Presenter ဆုကို လည်းကောင်း ချီးမြှင့်ခဲ့သည်။




U Myo Thein Gyi (Union Minister for MOE)




U Myint Soe (Chairman of MGMA)



Mingalar Sumbari Garment Co., Ltd.
The Garment Factory of the Year 2018



Myanmar Huayi Co., Ltd.
The Best Practices in OSH Factory of the Year 2018



Natural Garment Mfg Co., Ltd.
The Best Practices Factory of the Year 2018

Sponsored By...

MTG The 7th Myanmar Int'l Textile & Garment Industry Exhibition 6-9 Dec, 2018 Yangon Convention Center - YCC

KOREA GARMENT ASSOCIATION IN MYANMAR

MSP CAT

Luther.

PHEE GROUP "Sparking Possibilities"

NTGM Ltd NORDIC TECHNOLOGY GROUP MYANMAR

Sponsors








## အလုပ်သမားရေးရာနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအား ထိရောက်သော ကိုယ်စားပြုနိုင်ရေး နည်းလမ်းရှာဖွေခြင်း အလုပ်ရုံဆွေးနွေးပွဲ



နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် UMFCCI သည် လုပ်ငန်းခွင်ဆက်ဆံရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် အရှိန်အဟုန်မြင့် ပါဝင်ဆောင်ရွက်လျှက်ရှိသည်။ UMFCCI က ဦးဆောင်၍ "အလုပ်သမားရေးရာနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအား ထိရောက်သော ကိုယ်စားပြုနိုင်ရေး နည်းလမ်းရှာဖွေခြင်း အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့၊ Mercure Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ UMFCCI ဒုတိယ ဥက္ကဌ ဒေါက်တာ မောင်မောင်လေး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ MGMA နှင့် အခြား လုပ်ငန်းရှင်အသင်းများမှ CEC EC များ၊ ILO မှ အရာရှိများ၊ ပြည်ပမှ ပညာရှင်များ၊ အလုပ်ရှင်များ နှင့် အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ UMFCCI ဒုတိယဥက္ကဌ ဒေါက်တာ မောင်မောင်လေး နှင့် ILO Liaison Officer Mr. Rory Mungoven တို့မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး UMFCCI တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ လက်ရှိဖြစ်ပေါ်လျှက်ရှိသော လုပ်ငန်းခွင်ဆက်ဆံရေး အခြေအနေနှင့် အလုပ်သမားရေးရာ ဥပဒေကိစ္စရပ်များ အကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးအတွက် အလုပ်ရှင်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း ထူထောင်နိုင်ရေးနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပြောဆိုခြင်းကို ဥပဒေ အရ လိုအပ်ချက်အဖြစ် ဥပဒေပြုရေး ကိစ္စရပ်များကို ဆွေးနွေးပြောဆိုခဲ့ကြသည်။

## တစ်ဦးချင်း/စုပေါင်းအငြင်းပွားမှုနှင့် ခုံသမာဓိ၊ ခုံကောင်စီ သို့ တက်ရောက်ခြင်း

တစ်ဦးချင်းအငြင်းပွားမှုအဖြစ် သတ်မှတ်သော အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုများကို အရပ်ဘက်တရားရုံးများသို့ လွှဲပြောင်းပေးမှုကြောင့် ခုံသမာဓိ၊ ခုံကောင်စီသို့ တက်ခွင့်မရဘဲ နစ်နာလျှက်ရှိသည်ဟု အလုပ်သမားများဘက်မှ ပြောဆိုမှုများရှိလာသည်။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ (ပ) နှင့် (ဇ) တို့တွင် -

> "တစ်ဦးချင်းအငြင်းပွားမှုဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများအကြားတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စုပေါင်းသဘောတူညီချက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း ဖြစ်ပွားသော တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဆိုသည်။"
>
> "စုပေါင်းအငြင်းပွားမှုဆိုသည်မှာ အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြားတွင် လုပ်ငန်းခွင်အခြေအနေနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများအား အသိအမှတ်ပြုမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ကျင့်သုံးမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးနှင့် စပ်လျဉ်း၍သော်လည်းကောင်း ဖြစ်ပွားသည့် လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသော အငြင်းပွားမှုကို ဆိုသည်။ ယင်းစကားရပ်တွင် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုလည်း ပါဝင်သည်။" ဟုဖော်ပြထားသည်။

အငြင်းပွားမှုကို ဖြေရှင်းရာတွင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ (၁၂) အရ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား တစ်ဦးချင်း အငြင်းပွားမှု သို့မဟုတ် စုပေါင်းအငြင်းပွားမှု အမျိုးအစား ခွဲခြားသတ်မှတ်ပြီး အငြင်းပွားမှုပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရသည်။ ထပ်မံ၍ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေ ပုဒ်မ ၁၂ (က) အရ ပြေငြိမ်းမှု မရရှိသော တစ်ဦးချင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း အငြင်းပွားသူများထံ အသိပေးအကြောင်းကြားရသည်။

ထို့ကြောင့် တစ်ဦးချင်း အငြင်းပွားမှုနှင့် စုပေါင်းအငြင်းပွားမှု အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းမှာ အရေးပါလာသည်။ ပြဋ္ဌာန်းချက်များအရ အလုပ်ရှင် နှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများအကြား ဥပဒေပါ ရပိုင်ခွင့်နှင့် ပတ်သက်၍ အငြင်းပွားခြင်းသည် တစ်ဦးချင်းအငြင်းပွားမှုဖြစ်သည်။ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမား အဖွဲ့အစည်း သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများအကြား အဖွဲ့အစည်းဆိုင်ရာ ဥပဒေပါရပိုင်ခွင့် သို့မဟုတ် အကျိုးစီးပွားဆိုင်ရာရပိုင်ခွင့်တို့နှင့် ပတ်သက်၍ အငြင်းပွားခြင်းသည် စုပေါင်းအငြင်းပွားမှုဖြစ်သည်။ စုပေါင်းအငြင်းပွားမှုတွင် လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် လုပ်ငန်းကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံသည့် အလုပ်ရှင် အလုပ်သမား ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များလည်းပါဝင်သည်ဟု မှတ်ယူနိုင်သည်။

သို့သော် တစ်ဦးချင်းအငြင်းပွားမှုနှင့် စုပေါင်းအငြင်းပွားမှု အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် "အလုပ်သမားအဖွဲ့အစည်းမရှိသည့် စက်ရုံတွင်ဖြစ်လျှင် တစ်ဦးချင်းအငြင်းပွားမှု၊ အလုပ်သမားအဖွဲ့အစည်းရှိသည့် စက်ရုံတွင်ဖြစ်လျှင် စုပေါင်းအငြင်းပွားမှု" ဟု အလွယ်တကူ အဓိပ္ပါယ်ဖွင့် မှတ်ယူမှုများရှိလာသည်။

ကုန်ထုတ်နှင့် စက်မှုလက်မှု တိုင်းဒေသကြီး အလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌထံသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေ အကြံပြုချက်ကို အကြောင်းကြားသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၁၁-၂၉ ရက်စွဲပါ စာတွင် ပင်လျှင် "အလုပ်သမားအဖွဲ့အစည်း မရှိသော စက်ရုံများအနေဖြင့် ခုံသမာဓိ၊ ခုံကောင်စီသို့ တက်ခွင့်မရဘဲ နစ်နာလျှက် ရှိသည့် အလုပ်သမားများအား အရပ်ဘက် တရားရုံးသို့ လွှဲပြောင်းပေးမှုများကြောင့်" ဟု ဖော်ပြရေးသားထားသည်ကို တွေ့ရသည်။ ယင်းကဲ့သို့ အလွယ်တကူအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေခံ၍ အငြင်းပွားမှု အမျိုးအစား ခွဲခြားသတ်မှတ် မည်ဆိုလျှင် -

> အလုပ်သမားအဖွဲ့အစည်းဝင်တစ်ဦး စည်းကမ်းမလိုက်နာ၍ အလုပ်ထုတ်ခံရခြင်းကို ၎င်း၏ အလုပ်သမား အဖွဲ့အစည်းက ဝင်ရောက်ဖြေရှင်းပေးရုံမျှဖြင့် စုပေါင်းအငြင်းပွားမှုအဖြစ် သတ်မှတ်ရန် သင့်မသင့် မေးခွန်းကို ဖြေနိုင်ရန် လိုအပ်လာသည်။


ACTIVITY

## အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်းဆင်းပွဲ

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း MGMA နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Foreign Trade Association of German Retailers (AVE) ၏ ကူညီပံ့ပိုးမှုဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်တွင် ဖွင့်လှစ်သော အထည်ချုပ်နည်းပညာ ဆရာဖြစ်သင်တန်း ဆင်းပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ယင်းကျောင်းဆောင် ပထမထပ် သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ သည်။ သင်တန်းသား/သူ ၂၈ ဦးအား သင်တန်းဆက်လက်မှတ်များပေးအပ်ခဲ့ပြီး ထူးချွန် သင်တန်းသူများဖြစ်ကြသော ပညာရေးဝန်ကြီးဌာနမှ မဇင်နွယ်မိုး၊ Best Industrial Co., Ltd. မှ မဝင်းစန္ဒာ နှင့် ပညာရေးဝန်ကြီးဌာနမှ မစုမြတ်ထွန်း တို့အား Best Instructor ၊ Second Best Instructor နှင့် Best Presenter ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။



## (၇) ကြိမ်မြောက် မြန်မာ့အပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းပြပွဲ




ကမ္ဘာတစ်ဝန်းမှ များစွာသော ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ နည်းပညာများကို စုစည်းပြသသည့် "(၇) ကြိမ်မြောက် မြန်မာ့အပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ စက်ပစ္စည်းပြပွဲ" ကို Yorkers Trade & Marketing Service Co., Ltd.နှင့် MGMAတို့ ပူးပေါင်း၍ Yangon Convention Center, YCC (Inya Lake Hotel Compound) တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ် လုပ်ငန်းရှင်များအသင်း (MTMA) တို့က Official Supporter များအဖြစ် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ပြပွဲတွင် အပ်ချုပ်စက်များ၊ ဖြတ်စက်များ၊ ပုံနှိပ်စက်များ၊ ပန်းထိုးစက်များ၊ ဖိစက်များ၊ ပျံ့စက်များ၊ အထည်အလိပ်များ၊ ချည်မျှင်များ၊ ချည်ခင်များ၊ ကြိုးလွန်းများ အစရှိသည့် ချည်မျှင်နှင့် အထည်အလိပ်ပိုင်းဆိုင်ရာပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံး စွမ်းဆောင်ရည်မြင့် စက်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

## UPCOMING

| Description | Date | Place |
|---|---|---|
| 1. MGMA Member Forum 2018<br>MGMA's Member Affairs Committee is planning to organize a forum which will provide members opportunity to unite each other responding in the wake of labour organizations' strength of unity. | 12 Jan 2019 | Park Royal Hotel or Sedona Hotel (TBC) |
| 2. ASEAN FEDERATION OF TEXTILE INDUSTRIES (AFTEX) 40th COUNCIL MEETING and 38th PLENARY SESSION<br>AFTEX, a group of textile and garment associations of the 10 ASEAN member countries, has launched the Source ASEAN Full Service Alliance (SAFSA). SAFSA works on linking ASEAN apparel factories to create a virtual vertical supply chain between buyers, textile mills, and apparel factories, enabling businesses to offer a complete service package to international buyers. AFTEX's COUNCIL MEETING is organized twice a year. | 16-18 Jan 2019 | Chiang Mai, Thailand |
| 3. Project Planning Meeting<br>MGMA and AVE (Foreign Trade Association of German Retailers) are cooperating a joint-project to strengthen garment industry and capacity of the association. The | 22-23 Jan 2019 | Bago (TBC) |

project's phase 1 has ended and phase 2 has started. The project planning meeting is organized for the phase 2.

## NEW MEMBERS IN NOVEMBER 2018

| Number of New Factories in September 2018 | | 0 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Korea | 2 | 1274 |
| Cambodia | 1 | 200 |
| **TOTAL** | 3 | 1474 |

## MEMBERSHIP UPDATE AS OF 2018-11-30

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 109 | 73341 |
| | Chinese | 202 | 187373 |
| | Korea | 60 | 58225 |
| | Japan | 19 | 54462 |
| | Others | 133 | 68578 |
| Inactive | All | 72 | 0 |
| TOTAL | | 595 | 441979 |